# စားသုံးသူအခွင့်အရေးနှင့် မြန်မာနိုင်ငံ၏ အခြေခံစီးပွားရေးကျင့်ဝတ်

သတင်းရင်းမြစ် >
တနင်္လာနေ့၊ ဩဂုတ်လ ၁၂ ရက် ၂၀၁၃ ခုနှစ် ၀၈ နာရီ ၂၅ မိနစ်

လွန်ခဲ့သည့်တစ်ပတ်အတွင်း နယူးဇီလန် နို့မှုန့်ကုမ္ပဏီတစ်ခုဖြစ်သည့် Fonterra မှ ထုတ်လုပ်သော နို့မှုန့်များမှာ ကျန်းမာရေးနှင့်မညီညွတ်သဖြင့် တင်သွင်းခွင့်နှင့် ရောင်းချခြင်းများမပြုလုပ်ရန် တရုတ်အစိုးရက ပိတ်ပင်လိုက်ကြောင်း ဩဂုတ် ၅ ရက်က ဘီဘီစီသတင်းဌာနမှ ဖော်ပြသွားခဲ့သည်။ တရုတ်နိုင်ငံအတွင်းသို့ အဓိကတင်သွင်းသည့် နယူးဇီလန်နိုင်ငံမှ Fonterra ကုမ္ပဏီ၏ ကုန်ပစ္စည်းများတွင် အစာအဆိပ်သင့်စေသည့် ဗက်တီးရီးယားများ တွေ့ရှိရသည့်အတွက် ယခုကဲ့သို့ ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း တရုတ်အစိုးရက ထုတ်ဖော်ပြောဆိုသည်။

ယခုတစ်ဖန် ယင်းကုမ္ပဏီကြီး Fonterra မှ ထုတ်လုပ်သည့် နို့မှုန့်များတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းများ ပါဝင်နေသည်ဟု သီရိလင်္ကာ Sri Lanka နိုင်ငံက စွပ်စွဲလိုက်ပြန်သည်။ မည်သို့ပင် ဖြစ်စေဤကဲ့သို့ဖြစ်လာသည့်အတွက် မိမိတို့နိုင်ငံအဖို့ စားသုံးသူအခွင့်အရေး ကာကွယ်မှုဥပဒေကို လွှတ်တော်တွင် အသစ်တစ်ဖန် ပြန်လည်ဆွေးနွေးကြသည့်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် သက်ဆိုင်သူ အားလုံးကို သတိပေးနိုးကြားအောင် ပြုလုပ်လိုက်သလိုဖြစ်သဖြင့် အထက်ပါသတင်းများမှာ အလေးဂရုထား ကြရမည့် သတင်းများဖြစ်လာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် စားသုံးသူအခွင့်အရေး ကာကွယ်သည့်ဥပဒေနှင့် စပ်လျဉ်းပြီးလွှတ်တော်အတွင်း ဆွေးနွေးမှုများ ရှိလာသည်ကို တွေ့ကြရပါသည်။ ဥရောပနိုင်ငံတချို့တွင် ၁၉၅၀ ခုနှစ် မတိုင်မီကတည်းက စားသုံးသူအခွင့်အရေးကာကွယ်သည့် ဥပဒေပြဋ္ဌာန်းမှု စတင်ခဲ့ကြသည့် အချိန်များနှင့် နှိုင်းယှဉ်ပါက မိမိတို့ နိုင်ငံမှာ အတော်လေးနောက်ကျသည်ဟု ဆိုရပါမည်။ သို့သော် ကိစ္စမရှိ။ ယင်းပြဋ္ဌာန်းသည့် ဥပဒေကို လက်တွေ့ကျင့်သုံးမှုရှိမရှိဆိုသည့်အချက်က ပို၍အရေးကြီးလာခဲ့ ပြန်သည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ မိမိတို့နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်တချို့သည် စားသုံးသူ အခွင့်အရေးအပေါ် အလေးအနက်ထားမှု လုံးဝမရှိခဲ့ကြဟုဆိုရပါမည်။ ထို့ပြင်စားသုံးသူများ ကိုယ်၌က မိမိတို့စားသုံး သူများ၏ အခွင့်အရေးဆိုသည်မှာ အဘယ်နည်းဟူသည့် အသိကိုမသိခဲ့ကြခြင်းဖြစ်သည်။ စားသုံးသူ အခွင့်အရေး ကာကွယ်ဖို့ရန်ဝေးစွ၊ မိမိတို့စားသုံးသူတို့၏ အခွင့်အရေးကိုပင်လျှင် မသိရှိနိုင်လောက်အောင် မိမိတို့ နိုင်ငံပြည်သူများသည် စီးပွားရေးကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးခဲ့ကြရသည့်အဖြစ်မှာ ဝမ်းနည်းဖွယ် အကောင်းဆုံး ဖြစ်ပါသည်။

အခြေခံစားသုံးကုန်တချို့ကို အရင်စပြီး ပြောရမည်ဆိုလျှင် ကျန်းမာရေးအရ၊ လူတို့ရေရှည်စားသုံးရန် မသင့်တော်သော ဆီအမျိုးအစားများကို အသုံးပြုနေကြသည့်ကိစ္စမှအစချီကာ ဩဂုတ်လ ၇ ရက် နေ့စွဲဖြင့် ဖော်ပြသော သတင်းတစ်ပုဒ်အရ တရုတ်အလှကုန်ပစ္စည်းတချို့ အရေပြားပျက်စီးစေသည့် ဓါတ်များ တွေ့ရှိရသည်ဆိုသည့် ကိစ္စမျိုးအပါအဝင် မကြာခဏစက်ချို့ယွင်းကြသည့် လေယာဉ်များ ကိစ္စအဆုံး ယင်းသို့သော ကိစ္စများအားလုံးသည် စားသုံးသူအခွင့်အရေး ကာကွယ်မှုဆိုင်ရာ ဥပဒေအရ လွန်စွာ အရေးကြီးသည့် ကိစ္စရပ်များပင် ဖြစ်သည်။

စားသုံးသူအခွင့်ရေး ကာကွယ်မှုကိစ္စကို အကောင်အထည်ဖော်ရာ၌ ဥပဒေပြဋ္ဌာန်းထားရှိရုံ၊ ဥပဒေနှင့်□ မညီသည့် လုပ်ငန်းရှင်များကို အရေးယူရုံမျှနှင့်လည်း မလုံလောက်ပါ။ စားသုံးသူများအတွက် စားသုံးသူ အခွင့်အရေးဆိုသည်မှာ အဘယ်နည်းဟူသော ပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဖို့လည်း လိုအပ်ပါသည်။ ထိုမှသာ မိမိတို့နိုင်ငံပြည်သူများသည် စားသုံးသူ အခွင့်အရေး ကာကွယ်မှုအတွက် လိုအပ်သလို ပူးပေါင်းဆောင်ရွက်လာနိုင်ကြမည် ဖြစ်သည်။

စားသုံးသူအခွင့်အရေး ကာကွယ်မှုဥပဒေမှာ တစ်နည်းအားဖြင့်ပြောရလျှင် အမျိုးသားကျန်းမာရေးလုံခြုံမှု အစီအမံတွင်လည်း အရေးပါသောအစီအမံတစ်ခုအဖြစ် ယူဆရမည် ဖြစ်သည်။ အကယ်၍ မိမိတို့ပြည်သူများ အဖို့ စားသုံးသူများသုံးစွဲဖို့မသင့်သော စားသုံးကုန်များကို ကြာရှည်စွာသုံးစွဲနေမိပါက တစ်မျိုးသားလုံး နှင့်ချီ၍ ကျန်းမာရေးချို့ယွင်းမှုများ မလွဲမသွေခံစားကြရတော့မည် ဖြစ်သည်။